# ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်လွတ်မြောက်ရေး ခရီးရှည်ချီတက်ခြင်းနှင့် အစာငတ်ခံဆန္ဒပြခြင်း

## နိုင်ငံတကာလှုပ်ရှားမှုတိုက်ပွဲကော်မတီ ( U S A )

နိုဗဲလ်ငြိမ်းချမ်းရေးဆုရှင် လူထုခေါင်းဆောင် **ဒေါ်အောင်ဆန်းစုကြည်**၏ အသက်(၆၀)ပြည့်မွေးနေ့အတွက်
သဘောထားထုတ်ပြန်ကြေငြာချက်

နေ့စွဲ၊ ၂၀၀၅ခုနှစ် ဇွန်လ ၁၉ ရက်။

ယနေ့သည် မြန်မာနိုင်ငံ၏လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အသက်(၆၀)ပြည့် နေ့ထူးနေ့မြတ် အခါသမယ ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ်၊ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် သူမပါတီ၏ အထက်မြန်မာပြည်စည်းရုံးရေးခရီးစဉ်အတွင်း ၂၀၀၃ ခုနှစ် မေလ ၃၀ရက် ကျည်ရွာအလွန် ဒီပဲယင်းမြို့အနီး၊ န အ ဖ ဗိုလ်ချုပ်ကြီးတို့၏ ကြိုတင်စီမံချက်ဖြင့် ပြုလုပ်ခဲ့သော လုပ်ကြံသတ်ဖြတ်မှုကြီးမှ လွတ်မြောက်သွားခဲ့သော်လည်း မတရားဖမ်းဆီးခံရကာ ယနေ့တိုင် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခြင်း မရှိသေးပေ။

ဒီမိုကရေစီပြန်လည်ရရှိရေးအတွက် ၁၉၈၈ ခုနှစ် ရှစ်လေးလုံး ပြည်သူ့လှုပ်ရှားမှုကြီးမှ ယနေ့ထိ နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခံရခြင်း သုံးကြိမ်ရှိခဲ့ပြီး ပထမအကြိမ်တွင် ၆နှစ်၊ ဒုတိယအကြိမ်တွင် ၁၉ လနှင့် ယခု နောက်ဆုံးအကြိမ်တွင် ၂ နှစ်ကျော်လွန်ခဲ့ပြီဖြစ်သည်။

သူမ၏ ရိုးသားဖြူစင် ပွင့်လင်းသောစိတ်ဓါတ်၊ ရဲရင့် ပြတ်သား ခိုင်မာ တည်ကြည်သောလုပ်ရပ်၊ စွန့်လွှတ် အနစ်နာခံရဲသော သတ္တိ၊ မလျော့သော ဇွဲ လုံ့လ၊ အကြမ်းမဖက်သော နလုံးရည်တိုက်ပွဲစွမ်းအားဖြင့် ဒီမိုကရေစီ အောင်ပွဲရသည်အထိ တိုက်ပွဲဝင်လျက်ရှိသော သူမ၏ နိုင်ငံရေး ယုံကြည်ချက်ကို မြန်မာပြည်သူလူထုသာမက ကမ္ဘာ့ပြည်သူများကပါ ချစ်ခင် လေးစား ကြည်ညိုကြပေသည်။

ကျွန်ုပ်တို့ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်လွတ်မြောက်ရေး ခရီးရှည်ချီတက်ခြင်းနှင့် အစာငတ်ခံ ဆန္ဒပြခြင်း နိုင်ငံတကာလှုပ်ရှားမှုတိုက်ပွဲကော်မတီ **(USA)** အနေဖြင့် အမှန်တရားအတွက် တိုက်ပွဲဝင်ရင်း စစ်အုပ်စု၏မတရားဖမ်းဆီးခြင်း ခံနေရသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပေါ် မေတ္တာ၊ ဂရုဏာပွား တန်ဖိုးထား လေးစားကြသော မြန်မာနှင့် ကမ္ဘာ့ပြည်သူလူထုတို့နှင့် ထပ်တူ သူမ နေအိမ်အကျယ်ချုပ်မှ အမြန်ဆုံးလွတ်မြောက်ပြီး မြန်မာ့ဒီမိုကရေစီအောင်ပွဲဆီသို့ အမြန်ဆုံးလျှောက်လှမ်းနိုင်ပါစေ ဟု ၎င်း၏အသက်(၆၀) ပြည့်မွေးနေ့တွင် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ကမ္ဘာတဝှန်းရှိ ဒီမိုကရေစီနိုင်ငံများသည်လည်း ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ရေးအတွက် န အ ဖ စစ်အုပ်စုအား ဖိအားပေးတောင်းဆိုပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကျွန်ုပ်တို့ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်လွတ်မြောက်ရေး ခရီးရှည်ချီတက်ခြင်းနှင့် အစာငတ်ခံ ဆန္ဒပြခြင်း နိုင်ငံတကာလှုပ်ရှားမှုတိုက်ပွဲကော်မတီ (USA) အနေဖြင့် န အ ဖ စစ်အုပ်စုအား အောက်ပါအချက်များကို တောင်းဆိုလိုက်သည်။

၁။ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး နှင့် ဦးဝင်းတင် အပါအဝင် နိုင်ငံရေး အကျဉ်းသားအားလုံးကို ချက်ခြင်းလွှတ်ပေးရန်။
၂။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလာဒ်ကို အသိအမှတ်ပြု၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အမြန်ဆုံးအာဏာလွှဲပေးရန်။
၃။ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့၍ ဒီပဲယင်း လူသတ်ပွဲ တရားခံအစစ်အမှန် ဖေါ်ထုတ်ပေးရန်။

ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာပြည်လွတ်မြောက်ရေး ခရီးရှည်ချီတက်ခြင်းနှင့် အစာငတ်ခံ ဆန္ဒပြခြင်း
နိုင်ငံတကာလှုပ်ရှားမှုတိုက်ပွဲကော်မတီ (USA)